# မြန်မာနိုင်ငံရှိ WOODSIDE ၏ အကြောင်း



Woodside

# မြန်မာနိုင်ငံ၏ စွမ်းအင်အလားအလာကို ကူညီဖွင့်လှစ်ပေးခြင်း

Woodside သည် မြန်မာနိုင်ငံအတွင်းကမ်းလွန် ရေနံတူးဖော်မှုဇရိယာ များစွာ လုပ်ကိုင်ခွင့် ရထားပြီး လက်ရှိ မြန်မာနိုင်ငံတွင် ကမ်းလွန် ရှာဖွေရေးလုပ်ငန်းများကို အတက်ကြွဆုံး လုပ်ကိုင် နေသည့်ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် တွင်းတူးမှုလုပ်ငန်းစဉ် သုံးခုအား ၂၀၁၅ ခု နှစ်မှစတင်ဆောင်ရွက်ခဲ့ပြီး နှစ်တိုင်းတွင် ဓာတ်ငွေ့ရှာ ဖွေတွေ့ရှိမှုများ ရှိခဲ့ပါသည်။

ကျွန်ုပ်တို့၏ အစောပိုင်း ရှာဖွေတွေ့ရှိမှုများ ဖြစ်သည့် ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ် ရွှေရည်ထွန်း-၁ (လုပ်ကွက် အေ–၆) နှင့် သလင်း -၁ အေ (လုပ်ကွက် အေဒီ–၇) တို့၏ နောက်ပိုင်းတွင် ၂၀၁၇ နှစ် ပြည်သစ်–၁ တွင်းအား ဆက်တိုက် ရှာဖွေတွေ့ရှိခဲ့ပါသည်။

ယင်းနောက်ပိုင်းတွင် ကျွန်ုပ်တို့၏ ကမ်းလွန်လုပ်ကွက်များ၏ ဓာတ်ငွေ့ရင်းမြစ် အလားအလာများအား ပိုမိုနားလည်နိုင် ရန်နှင့် ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ် ရှာဖွေရေးနှင့်အကဲဖြတ်ရေးတို့အား ဆက်လက် လုပ်ဆောင်ခဲ့ပါသည်။

ယခုနှစ်တွင် ကျွန်ုပ်တို့သည် အောင်သိဒ္ဓိတွင်း (လုပ်ကွက် အေဒီ–၁) အား ရှာဖွေတွေ့ရှိခဲ့ပြီး ရွှေရည်ထွန်း-၂ (လုပ်ကွက် အေ–၆) အား အောင်မြင်စွာ အကဲဖြတ်နိုင်ခဲ့ပါသည်။ ရွှေရည်ထွန်း-၂ ၏ ရလာဒ်များအရ အဆိုပါ တွင်းတွင် ကောင်းမွန်သော ဓာတ်ငွေ့သိုက် အရည်အသွေး၊ ဓာတ်ငွေ့ စိမ့်ပြန့်နိုင်မှုအား နှင့် ထုတ်လုပ်ပို့ဆောင်နိုင်မှု အားကောင်းကြောင်း တွေ့ရှိခဲ့ရပါသည်။

အနာဂတ်တွင် ရှာဖွေတူးဖော်နိုင်သော ပစ်မှတ်များကို ဖော်ထုတ်နိုင်ရန်အတွက်သုံး ဖက်မြင် ရေအောက် အသံလှိုင်းဖြင့် ရှာဖွေတိုင်းတာခြင်းအားလည်း တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ပါသည်။

ယနေ့လက်ရှိတွင် Woodside နှင့် သက်ဆိုင်ရာ အကျိုးတူ ပူး ပေါင်း ဆောင်ရွက်သူများသည် ဓာတ်ငွေ့ရှာ ဖွေတွေ့ရှိမှုများအား စီးပွားဖြစ်ထုတ်လုပ်နိုင်ရန်အတွက်လိုအပ် သည့် လုပ်ငန်းများအား လုပ်ဆောင်လျက် ရှိပါသည်။ အဆိုပါ လုပ်ငန်းများမှ ရလာဒ်များအရ ရှေ့တွင် ရှာဖွေရေး လုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်း ရေးဆွဲခြင်း လုပ်ငန်းစဉ်များအား ထည့်သွင်းစဉ်းစား လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရှာဖွေတူး ဖော်မှုမပြုလုပ်ရသေးသော ရေနက်ပိုင်းဇရိယာ ပေါကြွယ်ဝသောကြောင့် Woodside ၏ ရေနက်ပိုင်း ရှာဖွေတူးဖော်မှုဆိုင်ရာ ကျွမ်းကျင်မှုများက ဖြည့်ဆည်းပေး နိုင်ပါသည်။ ရှာဖွေရေးသာမက Woodside ၏ ကမ္ဘာ့အဆင့်အတန်းမီ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ၊ ဆောက်လုပ်ရေးဆိုင်ရာ၊ လုပ်ငန်း လည်ပတ်ရေးဆိုင်ရာ၊ ဈေးကွက်ဆိုင်ရာနှင့် နည်းပညာပိုင်း သစ်လွင်မှုဆိုင်ရာ စွမ်းအားများကလည်း မြန်မာနိုင်ငံ၏ အနာဂတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ပေးနိုင်စေပါသည်။



မြန်မာနိုင်ငံတွင် တူးဖော်ခဲ့သော တွင်းများ

# ကျွန်ုပ်တို့၏ လုပ်ငန်းအတွေ့အကြုံများ

Woodside သည် ဩစတြေးလျနိုင်ငံ၏ အကြီးမားဆုံး ပုဂ္ဂလိက ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီ ဖြစ်ပြီး နှစ် ၆၀ ကျော် အတွေ့အကြုံများအရ ယုံကြည်အားထားရပြီး တာဝန်သိ ရှာဖွေတူးဖော်သူ၊ လုပ်ငန်းဆောင်ရွက်သူအဖြစ် ဖော်ဆောင်နိုင်ခဲ့ပါသည်။

ဩစတြေးလျနိုင်ငံ၏ အနောက်မြောက်ဖက်ရှိ ကျွန်ုပ်တို့၏ LNG ထုတ်လုပ်သော လုပ်ငန်းများမှာ ကမ္ဘာ့ အကောင်းဆုံး ရေနံနှင့်ဓာတ်ငွေ့ထုတ်လုပ်သော စက်ကိရိယာများထဲတွင်ပါဝင်ပါသည်။ ကျွန်ုပ်တို့သည် နာမည်ကျော် North West Shelf စီမံကိန်းကို ၁၉၈၄ ခုနှစ်ကတည်းက စတင်လည်ပတ်ခဲ့ပါသည်။ ၂၀၁၂ တွင် ပလူတို LNG စက်ရုံအား ကျွန်ုပ်တို့၏ ကုန်းတွင်းပိုင်း လုပ်ငန်း လည်ပတ်ရေးစက်ရုံ အဖြစ် ထည့်သွင်းနိုင်ခဲ့ပါသည်။

ကျွန်ုပ်တို့သည် နှစ်၃၀ ကျော်ကာလတစ်လျှောက် အာရှ ပစိဖိတ်ဒေသတစ်လျှောက်လုံး ဝယ်ယူသုံး စွဲသူများနှင့် ခိုင်မာသော ဆက်ဆံရေးကို ကြာရှည်တည်ဆောက်ထားနိုင်သော ယုံကြည်အားထားရပြီး ဘေးအန္တရာယ်ကင်း ရှင်း သော LNG ပံ့ပိုးသူအဖြစ် ကျွန်ုပ်တို့ကို သိရှိကြပါသည်။ ထို့ အပြင် ကျွန်ုပ်တို့သည် ဩစတြေးလျအနောက်ဖက်ရှိ အကြီးဆုံး နိုင်ငံတွင်းသုံး ဓာတ်ငွေ့ပံ့ပိုးပေးသူလည်း ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ကမ္ဘာ့ အဆင့်မီ လုပ်နိုင်စွမ်း များနှင့် အောင်မြင်မှုသမိုင်း များကို ကမ္ဘာ တစ်ဝှမ်းဆောင်ကြဉ်း ပေးရန်အတွက် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။



ဩစတြေးလျနိုင်ငံအနောက်မြောက်ပိုင်းရှိ Pluto LNG စက်ရုံ

# ကျွန်ုပ်တို့၏ တန်ဖိုးများ

Woodside သည် တန်ဖိုးများကို အလေးထားဆောင်ရွက်သော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘေး အန္တရာယ် ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာထိန်းသိမ်းဆောင်ရွက် မှု တို့ကြောင့် ကျွန်ုပ်တို့ကို သိရှိကြပါသည်။ ကျွန်ုပ်တို့သည် ဂုဏ်သိက္ခာ ၊ လေးစားမှု၊ ရေရှည်တည်တံ့စေမည့် လုပ်ငန်း ဆောင်ရွက်မှု၊ ကျင့်ဝတ်စည်းကမ်း၊ ထူးချွန်မှုနှင့် အတူတကွ လုပ်ငန်း ဆောင်ရွက်မှုစသည့် ကျွန်ုပ်တို့၏ တန်ဖိုးများ ထိန်းသိမ်းခြင်းကိုလည်း အလေးထား ဆောင်ရွက်ပါသည်။

ကျွန်ုပ်တို့သည် လူမှုအဖွဲ့အစည်းများ၊ အစိုးရနှင့် သက်ဆိုင်ရာကဏ္ဍမှ ပါဝင်ပတ်သက်သူများနှင့် ရေရှည်တည်တံ့ပြီး အဓိပ္ပာယ်ရှိသော ဆက်ဆံရေးထူထောင်ခြင်းမှာ ကျွန်ုပ်တို့ လုပ်ငန်း ဆောင်ရွက်ရန် ရရှိထားသည့် လိုင်စင် ထိန်းသိမ်းခြင်းနှင့် အပြန်အလှန် အကျိုးရှိသောဆက်ဆံရေးတည်ဆောက်ခြင်းအတွ က် အလွန်အရေးပါကြောင်း အသိအမှတ် ပြုပါသည်။

ကျွန်ုပ်တို့၏ တန်ဖိုးများကို ကျွန်ုပ်တို့လုပ်ငန်းလည်ပတ်ဆောင်ရွ က်ရာနေရာတိုင်း အသုံးချပါသည်။ ကျွန်ုပ်တို့၏ကမ္ဘာ တစ်ဝှမ်းစီး ပွားရေးလုပ်ငန်းများထဲတွင် ရှာဖွေခြင်း၊တူးဖော်ခြင်းအပြင်ကမ္ဘာ့နိုင် ငံ ၁၀ နိုင်ငံရှိ လုပ်ငန်းလည်ပတ်မှု ဆိုင်ရာ အကျိုးစီးပွားများလည်း အပါအဝင်ဖြစ်သည်။

# ရေရှည်တည်တံ့နိုင်စွမ်းနှင့်လူမှုရေးဆိုင်ရာ စွမ်းဆောင်မှု

ကျွန်ုပ်တို့၏ကုမ္ပဏီတွင် ရေရှည်တည်တံ့နိုင်စွမ်းမှာ အဓိကတန်ဖိုးတစ်ခုဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ ရေးနှင့် ထုတ်လုပ်မှု (upstream) ကဏ္ဍ တွင် ကမ္ဘာ့ ဦးဆောင်သူ ဆိုသည့် ကျွန်ုပ်တို့၏မျှော်မှန်းချက်ကို အကောင်အထည် ဖော်ရန်အတွက် အလွန်အရေးကြီးပါသည်။ ဤအရာသည် ကျွန်ုပ်တို့အတွက် လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက် ရှိသော လူမှုအသိုင်းအဝိုင်းများက စိုးရိမ်ပူပန်မှုများကို နားထောင်ခြင်း၊ တုန့်ပြန်ဆောင်ရွက်ခြင်းနှင့် ကျွန်ုပ်တို့၏ လူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းများမှ မှန်ကန်သောအရာကို ဆောင်ရွက်ခြင်းဟု အဓိပ္ပာယ်ရပါသည်။

ကျွန်ုပ်တို့သည် လုပ်ငန်းဆောင်ရွက်မှုမှ ဖြစ်ပေါ်လာသော အကျိုးသက်ရောက်လာနိုင်ခြေကို နားလည်ရန်အတွက် မတူညီသော ပါဝင်ပတ်သက်သူများ၊ ဒေသဆိုင်ရာလူမှုအဖွဲ့အ စည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး သင့်လျော်သော အကျိုးသက်ရောက်မှုလျော့ချသည့် နည်းဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည်။ ကျွန်ုပ်တို့သည် ရခိုင်ကမ်းရိုးတန်းရှိ အသံလှိုင်းဖြင့်ရှာဖွေတိုင်းတာခြင်းနှင့် တူးဖော်မှု ဆောင်ရွက်

ချက်များကို အထောက်အကူပြုစေရန်အတွက် မြန်မာနိုင်ငံအတွင်းတွင် ပြည်ထောင်စုအဆင့်၊ ဒေသအဆင့်နှင့် ကျေးရွာ အဆင့်အထိ အရေးပါသည့် အကြံဉာဏ်တောင်းခံခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

ကျွန်ုပ်တို့သည် သယံဇာတများကို တာဝန်သိစွာ တူးဖော်မှုများပြုလုပ်ခြင်းနှင့် ကမ္ဘာတစ်ဝှမ်း ရေရှည်တည်တံ့နိုင်စွမ်း ဆိုင်ရာ ကိစ္စရပ်များကိုထောက်ရှု၍ အလေးထားဆောင်ရွက်လျက်ရှိသည်။ ၂၀၁၇ ခုနှစ်တွင် Woodside သည် United Nations ၏ ရေရှည်တည်တံ့နိုင်စွမ်းရှိသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပန်းတိုင်များထဲမှ ကျွန်ုပ်တို့၏ လုပ်ငန်းနှင့် သက်ဆိုင်သည့်၊ ကျွန်ုပ်တို့၏ နေ့စဉ် လုပ်ငန်းဆောင်တာများမှ အပြုသဘောဆောင်သည့် သက်ရောက်မှုကို လုပ်ကိုင်နိုင်မည့် အဓိကပန်းတိုင် ၅ ခုကို ရွေးချယ်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် – လူတိုင်းတတ်နိုင်မည့် သန့်ရှင်းသော စွမ်းအင်၊ စက်မှုလုပ်ငန်း၊ ဆန်းသစ်မှုနှင့် အခြေခံ အဆောက်အဦ၊ ရာသီဉတု အတွက် အရေးယူ ဆောင်ရွက်မှု၊ ရေအောက်ရှိ ဘဝများနှင့် ပန်းတိုင်များအတွက် ပူးပေါင်းဆောင်ရွက်မှု – အစရှိသည့် အခန်းကဏ္ဍများအား တိုးတက်လာအောင် အဓိပ္ပာယ်ရှိသည့် ပံ့ပိုးမှုများပြုလုပ်သွားပါမည်ဟု ကတိပြုပါသည်။

ကျွန်ုပ်တို့သည် သယံဇာတများကို တာဝန်သိစွာ တူးဖော်မှုများပြုလုပ်ခြင်းနှင့် ကမ္ဘာတစ်ဝှမ်းရေရှည် တည်တံ့နိုင်စွမ်း ဆိုင်ရာ ကိစ္စရပ်များကိုထောက်ရှု၍ အလေးထားဆောင်ရွက်လျက်ရှိသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့လုပ်ငန်း ဆောင်ရွက်မှုကြောင့် ကျန်ရစ်ခဲ့သော အကျိုးသက်ရောက်မှုများကို အနည်းဆုံးလျော့ချရန် ဆောင်ရွက် လျက်ရှိပြီး ဩစတြေးလျရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင်လည်း ကျွန်ုပ်တို့၏ အဓိက သဘာဝပတ်ဝန်းကျင် ဆိုင်ရာ

ဆောင်ရွက်မှုကြောင့် အသိအမှတ်ပြုခံရပါသည်။ ကျွန်ုပ်တို့၏ မြ န်မာနိုင်ငံရှိရေနံရှာဖွေတူးဖော်မှုဆောင်ရွက်ချက်များ အားလုံး အတွက် ပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်လေ့လာမှု (EIA) ကို အသေးစိတ်ကြိုတင်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ရေရှည်တည်တံ့နိုင်စွမ်းဆိုသည်မှာ မြင့်မားလာသော စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး ပိုမိုသန့်ရှင်းသော၊ အန္တရာယ်ကင်းသော စွမ်းအင်အရင်းအမြစ်များကို ကမ္ဘာတစ်ဝှမ်းရှိလူများ ရရှိစေရန် သေချာစေခြင်းဖြစ်သည်။ ကြီးထွားလျက်ရှိသော မြို့ပြလူဦးရေများထံမှ မြင့်မားလာသော စွမ်းအင်လိုအပ်ချက်ကို ပြည့်မီစေရန်အတွက် မြန်မာ နိုင်ငံသည် မတူညီသောစွမ်းအင်ရင်းမြစ်များလိုအပ်ပြီး ထိုမှတစ်ဆင့် တည်ငြိမ်ပြီး ယုံကြည်အားထားရသော စွမ်းရည်ပံ့ပိုးမှုထော က်ပံ့ပေးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အနာဂတ်အတွက် သဘာဝဓာတ်ငွေ့သည်

အချက် အချာကျသော အခန်း ကဏ္ဍမှ ပါဝင်ရန်လိုအပ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။



# လူမှုရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံခြင်း

ကျွန်ုပ်တို့သည်  ပြည်တွင်း လူမှုအသိုင်းအဝန်းများအတွက် ကျွန်ုပ်တို့ကုမ္ပဏီမှ ခိုင်မာပြီး ရေရှည်တည်တံ့ နိုင်သည့် အကျိုးအမြတ်များ ပေးစွမ်းနိုင်သည့် ပြည်တွင်း အစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ Woodside ဖွံ့ဖြိုးရေး ရန်ပုံငွေ၏ ပထမဆုံး နိုင်ငံတကာ လူမှုရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမှာ မြန်မာနိုင်ငံတွင် ဖြစ်သည်။ ဤရန်ပုံငွေ သည် ရှေးဦးကလေး သူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်များကို ထောက်ပံ့ကူညီပြီး စွမ်းရည်တည်ဆောက်မှုအတွက်

ရေရှည်ပြောင်းလဲမှုကို တွန်းအားပေးလျက်ရှိပါသည်။

Woodside ၏ ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေဖြင့် Plan International နှင့် ပြည်တွင်းအဖွဲ့အစည်း ဖြစ်သော ပန်းပျိုးလက်တို့ နှင့်အတူပူးပေါင်း၍ Woodside ၏ ကမ်းလွန်ရေနံတူးဖော်မှုအတွက် ခွင့်ပြုမိန့်ရထားသော နေရာနှင့် ကပ်လျက်တွင် တည်ရှိသော ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်ရှိ လူမှုအသိုင်းအဝန်းအား မိဘအုပ်ထိန်းမှုဆိုင်ရာ ပညာရေး အစီအစဉ်ဖြင့် ပံ့ပိုးပေးလျက်ရှိသည်။

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင် စွမ်းရည်နှင့်လုပ်နိုင်စွမ်း တည်ဆောက်မှုကို အောက်ပါကနဦးဆောင်ရွက်မှုများ တွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ထိုကနဦးဆောင်ရွက်မှုများသည် အခွင့်အလမ်းများ

ဖန်တီးခြင်း၊ အပြောင်းအလဲ ခံနိုင်ရည်ရှိမှုကို တည်ဆောက်ခြင်း၊ အသိပညာတိုးတက်မြင့်မားလာခြင်းစသည့် Woodside ၏ ဦးစားပေး ကဏ္ဍများနှင့်လည်း ကိုက်ညီမှုရှိပါသည်။

- မြန်မာကျွမ်းကျင်ပညာရှင်များဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (Myanmar Professional Development Program)၊ ထိုအစီအစဉ်အရ ဩစတြေးလျနိုင်ငံတွင် ပညာသင်ယူနေသော မြန်မာနိုင်ငံသားများသည် Perth မြို့ရှိ Woodside ရုံးချုပ်များတွင်အလုပ်သင်အခွင့်အလမ်းများ ရယူနိုင်ပါသည်။
- အပင်နှင့် တိရိစ္ဆာန်မျိုးစိတ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သော Flora and Fauna International နှင့် ပူးပေါင်း၍ ပြည်တွင်း အဏ္ဏဝါသိပ္ပံပညာရှင်များ၊ သုတေသန ပညာရှင်များနှင့် သင်ကြားပို့ချသူများအား မြန်မာနိုင်ငံတက္ကသိုလ်များနှင့် ရောဝတီပင်လယ်ကမ်းရိုးတန်း တစ်လျှောက်ရှိ ကွင်းဆင်းလုပ်ငန်းဆောင်ရွက်မှုများမှ တစ်ဆင့် စွမ်းရည်တည်ဆောက်ပေးခြင်း။
- Wildlife Conservation Society နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ အနောက်ဖက် ကမ်းရိုးတန်းတစ်လျှောက် (မော်တင်ကမ်းရိုးတန်း) ငါးဖမ်းလုပ်ငန်း လုပ်ဆောင်မှုများနှင့် အဏ္ဏဝါတောရိုင်းတိရိစ္ဆာန်တည်ရှိမှု ကိုက်ညီခြင်းကို စီမံကိန်း ဖော်ဆောင်ခြင်း၊ အဆိုပါစီမံကိန်းမှ အဏ္ဏဝါ အရင်းမြစ်များ တည်ရှိမှုနှင့် အသုံးချမှုတို့အား နားလည်နိုင်ပါသည်။
- ရန်ကုန်စက်မှု တက္ကသိုလ်ရှိ Petroleum Engineering ကျောင်းသားများအား Uniteam Training Centre တွင် လက်တွေ့လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းများဖြင့် ပံ့ပိုးပေးခြင်း၊ အဆိုပါ သင်တန်းများမှတစ်ဆင့် ကျောင်းသားများသည် လုပ်ငန်းခွင်သို့ မဝင်မီ လက်တွေ့လုပ်ငန်းခွင်ဆိုင်ရာ ထိတွေ့မှုများ ရရှိနိုင်ပါသည်။
- ဩစတြေးလျနိုင်ငံအနောက်ပိုင်းရှိ Curtin University နှင့် ပူးပေါင်း၍ ရန်ကုန်စက်မှု တက္ကသိုလ်ဘွဲ့ရ လုပ်ငန်းခွင်လုပ်ကိုင်နေသောသူများနှင့် တက္ကသိုလ်ဆရာ ဆရာမများအား professional development courses ၆ခု အား ၃နှစ် အတွင်း (၂၀၁၈ – ၂၀၂၁) ပို့ချပေးခြင်း
- Save the Children နှင့် Plan International တို့မှ တစ်ဆင့် အရေးပေါ်ကယ်ဆယ်ရေး ထောက်ပံ့မှုအဖြစ် ၂၀၁၅ ခုနှစ်က ရေလွှမ်းမိုးမှု ဖြစ်ပေါ်ခဲ့သော ရခိုင် ပြည်နယ်နှင့် ရောဝတီတိုင်းဒေသကြီးရှိ မိသားစုများနှင့် ကလေးများကို ထောက်ပံ့ကူညီခဲ့သည်။







Woodside


**Head Office**
Woodside Petroleum Ltd
Mia Yellagonga
11 Mount Street
Perth WA 6000 Australia

**T** +61 8 9348 4000
**F** +61 8 9214 2777
**E** companyinfo@woodside.com.au

**Postal Address**
GPO Box D188
Perth WA 6840 Australia

**Myanmar Office:**
Level 6, Vantage Tower
623 Pyay Road
Kamayut Township 11041
Yangon, Myanmar

**Myanmar (Burma)**
**T** +95 1 2307460
**F** +95 1 330 7461


**Follow Us**

**woodside.com.au**